။ ဤဥယျာဉ်၏နောက်ဘက်တွင် သင်တွေ့ရသောသူမှန်သမျှမည်သူမဆို "လာအိလာအစ်လ္လာဟ်"

(အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ခံထိုက်ဟူ၍အလျင်းမရှိကြောင်း) ကို စိတ်နှလုံးဖြင့် ယုံကြည်စွာသက်သေခံခဲ့လျင် ထိုသူအား ဂျန္နသ်သုခဘုံသို့

ဝင်ရောက်ရမည်ဟု ဝမ်းမြောက်စရာသတင်းပေးလိုက်ပါ”

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ “ကျွန်ုပ်တို့သည်
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ပတ်ပတ်လည်၌
ဝိုင်းရံထိုင်နေခဲ့ကြပြီး၊ (ထို)အုပ်စုထဲ၌ ကျွန်ုပ်တို့နှင့်အတူ အဗူဘကရ်နှင့်အုမရ်(ရဿွိယလ္လာဟုအန်ဟုမာ) တို့လည်း ရှိနေသည်။ ထိုအခါ
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
ကျွန်ုပ်တို့ကြားထဲမှ ထသွားတော်မူပြီး၊ ကျွန်ုပ်တို့ထံ ပြန်လာရန်
ကြန့်ကြာနေတော်မူသဖြင့်၊ ကျွန်ုပ်တို့သည် (ရန်သူများကကိုယ်တော်တစ်ဦးတည်းရှိ‌နေသည်ကိုတွေ့ပြီး) ကိုယ်တော့်အား အန္တရာယ်ပြုမည်ကို
စိုးရိမ်ကြောက်လန့်ပြီး၊ ထိတ်လန့်ကာ ထရပ်လိုက်ကြသည်။ ကျွန်ုပ်သည် ပထမဦးဆုံးထိတ်လန့်သူဖြစ်ပြီး၊ ကိုယ်တော့်အား ရှာဖွေရန်ထွက်လာခဲ့သည်။ နောက်ဆုံး၌
အန်စွာရီဆွဟာဗဟ်များထဲမှ ဗနီနဂျ်ဂျာရ်မျိုးနွယ်ဝင်တို့၏ ဥယျာဉ်တစ်ခုသို့
ရောက်ရှိသွားသည်။ ထိုဥယျာဉ်၏ တံခါးကို ရှာဖွေသော် လည်း မတွေ့ခဲ့ပေ။ ထိုအခါ
အပြင်ဘက်ရေတွင်းမှ ဥယျာဉ်အတွင်းသို့ စီးဝင်နေသောမြောင်းငယ်တစ်ခုကို
တွေ့လိုက်ရသည်။ ကျွန်ုပ်သည် ခန္ဓာကိုယ်ကိုကျုံ့ကာ(ထိုမြောင်းမှ တွားသွား၍)
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)ထံ ဝင်ရောက်ခစားခဲ့သည်။ ထိုအခါ
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က “အဗူဟိုရိုင်ရဟ်”လား ဟု
မိန့်တော်မူသည်။ ကျွန်ုပ်က “အို - အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်၊ ဟုတ်ပါသည်” ဟုလျှောက်ထားခဲ့သည်။ ကိုယ်တော်က “သင်ဘယ်လိုဖြစ်တာလဲ” ဟု မေးတော်မူ၏။ ကျွန်ုပ်က “ကိုယ်‌ တော်သည် ကျွန်တော်မျိုးတို့ကြား၌ ရှိနေခဲ့ပါသည်။ ထို့နောက် ထသွားတော်မူ၍ပြန်လာရန် ကြန့်ကြာတော်မူသဖြင့်၊ ကျွန်တော်မျိုးတို့သည် (ရန်သူများကကိုယ်တော်တစ်ဦးတည်းရှိ‌နေသည်ကိုတွေ့ပြီး) ကိုယ်တော့်အား အန္တရာယ်ပြုမည်ကို
စိုးရိမ်ကြောက်လန့်ပြီး၊ ထိတ်လန့်ခဲ့ကြသည်။ ကျွန်တော်မျိုးသည် ပထမဦးဆုံး
ထိတ်လန့်သူဖြစ်ပြီး၊ ကိုယ်တော့်အား ရှာဖွေရန်ထွက်လာခဲ့ပြီး ဤဥယျာဉ်သို့
ရောက်ရှိခဲ့သည်။ ထို့နောက် မြေခွေးကျုံ့ဝင်သကဲ့သို့
ကိုယ်ကိုကျုံ့ကာဝင်ရောက်ခဲ့ပါသည်။ ဤလူများ(ကျန်သည့် စွဟာဗဟ်သာဝကများ) မှာလည်းကျွန်တော်မျိုး၏နောက်တွင် ရှိကြပါသည်” ဟု လျှောက်ထားသည်။ ထိုအခါ ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်တော်မူသည်- “အို - အဗူဟိုရိုင်ရဟ်” ဟု
ခေါ်တော်မူ၍ မိမိ၏ဖိနပ်နှစ်ဖက်ကို ကျွန်ုပ်အား ပေးတော်မူပြီး “သင်သည်
ငါကိုယ်တော်၏ ဤဖိနပ်နှစ်ဖက်ကို ယူသွားပါ။ ဤဥယျာဉ်၏နောက်ဘက်တွင်

[صحيح] [رواه مسلم]

စွန့်လွှတ်စတေးပါ၏။ ကိုယ်တော်သည် အဗူဟုရိုင်ရဟ်အား ကိုယ်တော်၏ ဖိနပ်နှစ်ဖက်နှင့်အတူစေလွှတ်၍ ၎င်းတွေ့ဆုံခဲ့သည့် မည်သူမဆို "လာအိလာအစ်လ္လာဟ်" (အလ္လာဟ်အရှင်မြတ်မှတစ်ပါးခဝပ်ကိုးကွယ်ခံထိုက်ဟူ၍ အလျင်းမရှိကြောင်း) ကို စိတ်နှလုံးဖြင့်ယုံကြည်စွာသက်သေခံခဲ့လျင် ထိုသူအား ဂျန္နသ်သုခဘုံ၏ သတင်းကောင်းပေးလိုက်ပါ ဟုမိန့်ကြားတော်မူခဲ့ပါသလောဟု လျှောက်ထားမေးမြန်း၏။ ကိုယ်တော်က"ဟုတ်တယ်" ဟုဖြေကြားတော်မူခဲ့သည်။ အုမရ်(ရဿွိယလ္လာဟုအန်ဟု)က “ထိုသို့ ပြုလုပ်တော်မမူပါနှင့်။အကြောင်းမှာ လူတို့သည် ဤစကားရပ်ပေါ်တွင်သာ အားထား၍ကောင်းမှုကုသိုလ်များပြုလုပ်ခြင်းအားစွန့်လွှတ်ကြမည်ကို ကျွန်‌တော်မျိုးစိုးရိမ်မိပါသည်။ ထို့ကြောင့် ၎င်းတို့အား ကောင်းမှုကုသိုလ်များကျင့်ဆောင်နေကြလျက်ပင်” လွှတ်ထားတော်မူပါဟု လျှောက်ထားလေသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က“သို့ဆိုလျှင် အသင် သူတို့ကို လွှတ်ထားလိုက်ပါ” ဟုမိန့်တော်မူသည်။

https://sunnah.global/hadeeth/my/show/10094